သောကြာနေ့ အိမာမ်ခုသ်ဗဟ် မိန့်ခွန်းပြောနေစဉ်
သင့်နံဘေးတွင်ရှိသော သူကိုဆိတ်ဆိတ်နေပါဟု
အသင်ပြောဆိုလျှင် အမှန်တကယ် အသင်သည်
အချည်းနှီးအပြုအမူတစ်ခုကို
ပြုလုပ်လိုက်ခြင်းဖြစ်သည်။
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ သောကြာနေ့
အိမာမ် ခုသ်ဗဟ် မိန့်ခွန်းပြောနေစဉ် သင့်နံဘေးတွင် ရှိသောသူကို ဆိတ်ဆိတ်နေပါဟု
အသင်ပြောဆိုလျှင် အမှန်တကယ် အသင်သည် အချည်းနှီးအပြုအမူတစ်ခုကို
ပြုလုပ်လိုက်ခြင်းဖြစ်သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်း။]
ခွသ်ဗဟ်နှစ်ခုလုံးသည် ဂျုမုအဟ်၏ အကြီးမားဆုံးသော အထိမ်းအမှတ်များအနက်မှ ဖြစ်သည်။
၎င်း၏ ရည်ရွယ်ချက်များအနက်မှ တစ်ချက်မှာ လူတို့အားတရားဟောကြားခြင်း၊
ကောင်းရာညွှန်ကြားပြသခြင်း ဖြစ်သည်။ တရားနားထောင်သူလိုက်နာရမည့်
စည်းကမ်းများထဲတွင် တရားစကားများကို စဥ်းစားဆင်ခြင်နိုင်ရန်အတွက် တရားဟောကြားသူ၏
ခွသ်ဗဟ်နှစ်ခုလုံးကို တိတ်ဆိတ်စွာနားထောင်ရမည်။ ထို့ကြောင့်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က အနည်းအကျဉ်းစကားမျိုးဖြစ်သည့်
မိမိနံဘေးတွင်ရှိသူကို တားမြစ်သော “ဆိတ်ဆိတ်နေပါ” ဟူသည့်စကားမျိုးကိုပင်
ပြောဆိုခြင်းမှ သတိပေးတားမြစ်ခဲ့သည်။ အကြင်သူသည် အိမာမ်က ခွသ်ဗဟ်တရားဟောကြားနေစဥ်
စကားပြောသော် ထိုသူသည် အချည်းနှီး ပြုမှုခြင်းဖြစ်ပြီး ဂျုမုအဟ်၏ ထွတ်မြတ်မှုမှ
လက်မဲ့ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိမိကိုယ်တိုင်နှင့် အခြားသူအား
ခွသ်ဗဟ်နားထောင်ခြင်းကို အနှောက်ယှက်ဖြစ်စေမည့် လုပ်ရပ်မျိုး ပြုလုပ်သည့်အတွက်
ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3107